## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး
## (၂၄)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

(၂၀၁၄ ခုနှစ်၊ မတ်လ ၁၃ ရက်)

(ကြာသပတေးနေ့)

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၃း၃၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ရဲ့ (၂၄)ရက်မြောက်နေ့ အစီအစဉ်များ စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်တွင် ကြွရောက်နေရာ ယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

### အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၃း၃၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၂၄)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၁၈)ဦးရှိပြီး၊ ဒီကနေ့အစည်းအဝေးကို (၁၇၃)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၉.၃၆) ရာခိုင်နှုန်းရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ

သုံးပုံ တစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က)နဲ့(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၃း၃၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးရဲ့ (၂၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အစည်းအဝေးမတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၃း၃၅။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ကျန်းမာရေး။ ဦးဟာရှိန်ဘွေ၊ ချင်း(၈)၊ ကျန်းမာရေး။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ကော်မတီတာဝန်။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကော်မတီအစည်းအဝေး။ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ တပ်မတော်၊ ကျန်းမာရေး။ ဦးညွှန့်လှိုင်၊ ဧရာဝတီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောသောင်းဖေ၊ မွန်(၈)၊ ဖွံ့ဖြိုးရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ပြည်ပခရီးစဉ်။ ဦးထွန်းမြင့်၊ စစ်ကိုင်း(၆)၊ ကော်မတီလုပ်ငန်း။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကော်မတီလုပ်ငန်း။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကော်မတီလုပ်ငန်း။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ကော်မတီကိစ္စ။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကျန်းမာရေး။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကျန်းမာရေး။ ဦးအောင်ကြည်ညွှန့်၊ မကွေး(၄)၊ ကော်မတီလုပ်ငန်းတို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၃း၃၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၅)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၃း၃၆။**

**ဥက္ကဋ္ဌ။** ။အစီအစဉ် (၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

### ရန်ကုန်-ပြည် မော်တော်ကားလမ်း တိုးချဲ့ပေးရန် နှင့် စပ်လျဉ်းသည့်မေးခွန်း

**အချိန်၊ ၁၃း၃၇။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော်(ခ) ကိုပေါက်က ရန်ကုန်-ပြည် မော်တော်ကားလမ်း တိုးချဲ့ပေးရန်နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၇။**

**ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ဆက်ပါတယ်။

ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကို ရန်ကုန်-ပြည် မော်တော်ကား လမ်းမကြီးနဲ့ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။

ရန်ကုန်-ပြည် မော်တော်ကားလမ်းမကြီး တိုးချဲ့ရန်အတွက် လမ်းနယ်နိမိတ်နဲ့ မလွတ်ကင်းတဲ့ အိမ်၊ ခြံမြေ၊ ဈေးဆိုင်ခန်းတွေ ၁၅-၂-၂၀၁၄ နေ့က အပြီးဖယ်ရှားပေးရန် သက်ဆိုင်ရာက စာထွက်ရှိထားပါတယ်။ မှန်ပါတယ်။ ဆောက်လုပ်ရေး ဝန်ကြီးဌာနပိုင်၊ နိုင်ငံပိုင်လမ်းဧရိယာဖြစ်တဲ့ အတွက် လမ်းချဲ့တဲ့အခါမှာ မလွတ်ကင်းသော အိမ်၊ ခြံ မှန်သမျှ ဖယ်ရှားရမှာပဲ ဖြစ်ပါတယ်။ လမ်းချဲ့မယ်ဆိုတဲ့အတွက် လမ်းအသုံးပြုသူများရဲ့ ကိုယ်စားများစွာ ကျေးဇူးတင်မိပါတယ်။ ရန်ကုန်-ပြည်လမ်းဟာ ယခင် မ.ဆ.လ အစိုးရလက်ထက်ကတော့ အာရှဖွံ့ဖြိုးရေးဘဏ် (A.D.B)က တာဝန်ယူပြီး ဖောက်လုပ်ခဲ့ပါတယ်။ အဲဒီမှာ လမ်းပိုင်းက (၂)ပိုင်း ခင်းသွားပါတယ်။ ရန်ကုန်ကနေ လက်ပံတန်း-တာဆုံအထိ ကျုံးထိပ်ထိက (၁၈)ပေအကျယ် တစ်ပိုင်း၊ လက်ပံတန်း-တာဆုံကနေပြီးမှ ပြည်အထိက (၁၆)ပေအထိ ကျယ်ဝန်းတဲ့ လမ်းဖောက်လုပ်ခဲ့ပါတယ်။ အခုအခါမှာတော့ ခေတ်နဲ့အညီ ကုန်တင်ကားကြီးတွေ၊ လူစီးဘတ်(စ်)ကားကြီးတွေကလည်း အားလုံး မြင်တွေ့ရမှာ ဖြစ်ပါတယ်။

ကားတွေရဲ့ အကျယ်က (၈)ပေခွဲ၊ (၉)ပေလောက်ကျယ်တဲ့အတွက် လမ်းကတော့ အတော်လေး ကျဉ်းပါတယ်။ ဒါပေမဲ့ ခုနောက်ပိုင်းမှာတော့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေနဲ့ ကျွန်တော်တို့ ဒီဘက်ပြည်ပိုင်းကိုတော့ (၁၈)ပေလမ်းအကျယ်လောက်ရှိပါတယ်။ နောက် ကျွန်တော်တို့ ရန်ကုန်ဘက်ပိုင်းကိုတော့ (၂၂)ပေအကျယ်လောက်ရှိပါတယ်။ ဒါပေမယ့်လည်းပဲ လမ်းကတော့ ကျဉ်းနေပါသေးတယ်။ လမ်းကျဉ်းတဲ့အတွက် ကားကြီးတွေ၊ အထူးသဖြင့် ခရီးသည်တင် ဘတ်(စ်)ကားတွေ မလွတ်မလပ် ရှောင်တိမ်းမောင်းနှင်ရတာ ခရီးသည်များအတွက်လည်း အသက်အန္တရာယ်များပါတယ်ခင်ဗျား။ မော်တော်ဆိုင်ကယ်တွေကလည်း ပေါပါတယ်။ မောင်းသူတွေကလည်း အလေးမထားတော့ နေ့စဉ်လို မော်တော်ဆိုင်ကယ်နဲ့ ကားတွေနဲ့ Accident ဖြစ်တဲ့ကိစ္စလည်း အမြဲတမ်းကြားသိနေရပါတယ်။ နောက် ကားတွေ ရှောင်တဲ့အခါပဲဖြစ်ဖြစ်၊ ကျော်တက်တဲ့အခါပဲဖြစ်ဖြစ်၊ ကားကြီးတွေဖြစ်တဲ့အတွက် နောက်ကနေ လိုက်ကြည့်ရင် အားလုံးမြင်သာပါတယ်ခင်ဗျား။ နောက်ဘီးက Double wheel ဖြစ်တဲ့အတွက် နောက်တစ်ဘီးက လမ်းဘေးကို ချပြီးရှောင်ရတဲ့ အနေအထားတွေ ရှိပါတယ်။

ဒါကြောင့် လမ်းချဲ့တာကတော့ ကျွန်တော့်အနေနဲ့ မြင်ရတာ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ဇီးကုန်းမှာ ဇီးကုန်းမြို့၊ ဇီးကုန်းမှာကတော့ ကျွန်တော်တို့ ဈေးဒေါင့်မှာရှိတဲ့ ဦးရောလမ်းကနေပြီး စမ်းရွာတံတားထိပ်ထိကို တစ်ဖက်ကို (၃)ပေစီ မြေတူးပြီး ကွန်ကရစ်လောင်း၊ အဲဒီ လမ်းပခုံးသားတွေ ချဲ့နေတာတော့ ဆောင်ရွက်နေပါတယ်။ ဒါပေမဲ့ အဲဒီ လမ်းအရှည်က (၃)၊ (၄)ဖာလုံလောက်ပဲ ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ ဒီ စပြီးလမ်းချဲ့တာက ၁-၁၀-၂၀၁၃ ရက်နေ့က နေပြီး စချဲ့တယ်လို့ ကျွန်တော်လည်း သိရပါတယ်။ အဲဒီတော့ ဒီလောက် ဒီ (၃)ဖာလုံလောက်ကို (၄)လ ကျော်ကျော်လောက် ကြာတဲ့အတွက်ကို ကွန်တော့်အနေနဲ့ ဒါ အခု တင်ပြရခြင်း ဖြစ်ပါတယ်ခင်ဗျား။

ဒါ လမ်းကိုတော့ ကျွန်တော်တို့ Max ကုမ္ပဏီက တင်ဒါ ရထားတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာကို မေးခွန်း(၇)ခု မေးထားပါတယ်ခင်ဗျား။ ဒါကြောင့် လမ်းကို ဌာနက ချဲ့ပေးမှာလား။ ကျွန်တော်တို့ ကုမ္ပဏီက ချဲ့ပေးမှာလား။ နောက် (၂) အနေနဲ့ကတော့ ဒီ ဇီးကုန်းမြို့မှာ ချဲ့တဲ့ (၃)၊ (၄)ဖာလုံလောက်ကိုတောင်မှ ဒီ (၄)လကျော်ကျော်လောက် ကြာရင် ကျွန်တော်တို့ ရန်ကုန်-

ပြည်လမ်း တောက်လျှောက်ကို ဘယ်လောက်ကြာကြာ ဆောင်ရွက်ပေးမှာလဲဆိုတဲ့ မေးခွန်း ပါ ပါတယ်။ နောက်ပြီးတော့ မည်သည့်ကာလမှာ ပြီးပြတ်မှာလဲ မေးထားပါတယ်ခင်ဗျား။ နောက် ရန်ကုန်-ပြည်လမ်း လမ်းဘေးဝဲ/ယာမှာ ရှိတဲ့ လမ်းအရိပ်ရတဲ့အပင်ကို ပြီးခဲ့တဲ့ တပ်မတော်အစိုးရ လက်ထက်က လမ်း အရိပ်ရအောင်ဆိုပြီး ကျွန်းပင်တို့၊ မလေးရှားပိတောက်တို့ စတဲ့ အပင်မျိုးစုံ စိုက်ခဲ့ပါတယ်။ အပင်တွေ လည်း တော်တော်ကြီးနေပါပြီ၊ အဲဒီတော့ အဲဒီအပင်တွေကိုရော လမ်းချဲ့တဲ့အခါ မလွတ်ရင် ခုတ်ပစ် မှာလား။ အဲဒီအပင်တွေနဲ့ ပတ်သက်ပြီး အခုတင်ပြချင်ပါတယ်။ ကျွန်းပင်ကနေလွဲပြီး အရင်အစိုးရ လက်ထက်တုန်းကတော့ ဒီလမ်းဘေးက ဒီ အော်ရေးရှားတို့၊ အခြားအပင်တွေကိုတော့ ဒီ လမ်းဘေး ဝဲ/ယာမှာ ရှိတဲ့ ကျေးရွာတွေကို အကိုင်းအခက်တွေသုံးပြီး ထင်းအဖြစ် အစားထိုးပေးခဲ့ပါတယ်။ ဒါကြောင့် တကယ်လို့ ဒီအပင်တွေ ခုတ်ရင်လည်းပဲ ဒီ လမ်းဘေးက ကျေးရွာတွေကို ရောပေးမှာလား။ ဘာကြောင့်ဆို အခုမြင်နေရတာက ကျွန်တော်တို့လမ်း တင်ဒါ ရထားတဲ့ ဒီ Max ကုမ္ပဏီက လမ်းခင်းတဲ့အခါကျရင် ကတ္တရာ အရည်ကျိုတယ်။ အရည်ကျိုရင် အဲဒီအပင်တွေကို ခုတ်ပြီး သုံးမှာပဲ။ အဲဒါကြောင့် ဒီက ကျွန်တော်တို့ ဟိုပြီးခဲ့တဲ့ တပ်မတော်အစိုးရလက်ထက်တုန်းကတော့ လမ်းဘေး ကျေးရွာတွေကိုတော့ ပေးတာတော့သိပါတယ်ခင်ဗျ။

ဒါ့ကြောင့် ဒီ အပင်တွေကိုလည်း ခုတ်လဲပစ်တဲ့အခါ လမ်းဘေးမှာရှိတဲ့ ကျေးရွာပြည်သူတွေ ကို ပေးပစ်ခဲ့မှာလား။ အဲဒါလည်း မေးထားပါတယ်။ နောက်ပြီးတော့ လမ်းချဲ့တဲ့အခါမှာလည်းပဲ ကျွန်တော် အခုတွေ့ခဲ့ရတာကတော့ ဒီဇီးကုန်းမြို့မှာ (၃)ပေ ကွန်ကရစ် ခင်းထားပါတယ်။ ဘေး ဘယ်ညာကို၊ နောက် ကျွန်တော်တို့ ပြည်အဝင် လမ်းဖြတ်ဂိတ်၊ Toll gate မှာ အဲဒီမှာ ခင်းထားတယ်။ ခုတော့ ခင်းနေပါပြီ၊ ဘာကြောင့်လဲဆိုတော့ ပြီးခဲ့တဲ့ (၈)ရက်နေ့နဲ့ (၉)ရက်နေ့မှာ ကျွန်တော့်နယ် ပြန်သွားတဲ့အတွက် ကျွန်တော် ဓာတ်ပုံလည်း ရိုက်ထားတယ်။ ပြီးတော့ Power Point နဲ့ တင်ပြပါ့မယ်။

နောက်ပြီးတော့ ကျွန်တော်တို့ နတ္တလင်းနဲ့ ပေါင်းတည်နယ်စပ် ဖိုးသာကုန်းချောင်း အတက်အဆင်းမှာလည်း ခင်းနေပါပြီ၊ ဒါပေမဲ့ ခင်းတာ အဲဒီနေရာတွေပဲ ရှိပါတယ်။ ကျွန်တော်တို့ လမ်းမှာတွေ့ခဲ့တာ ရွှေတောင်တို့ ဘာတို့မှာ ဆိုရင်တော့  မြို့အထွက်တွေပေါ့၊ အဲဒီမှာတော့ ဒီ ကွန်ကရစ်လမ်း မခင်းဘဲနဲ့ မြေနီတွေ ပုံထားတာ တွေ့ပါတယ်။ ကျွန်တော်မေးတော့၊ ကျွန်တော် နည်းနည်းပါးပါး စုံစမ်းကြည့်တော့ မြို့တွင်းလမ်းပဲ ကွန်ကရစ်လမ်းခင်းမယ်။ မြို့ပြင်တွေတော့ ဒီ ကျောက်ပဲ ခင်းမယ် ဆိုပြီး ကျွန်တော်သိရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တင်ပြချင်တာကတော့ တကယ်လည်းပဲ ခင်းမယ်ဟော့ ဆိုရင် အားလုံး တစ်ပြေးညီတည်းခင်း၊ မှန်ပါတယ်။ လမ်းပခုံး ဘာညာနိမ့်သွားလို့ အရေးပေါ် မြေနီခင်းရတာ ဘာညာဆိုတော့ ကျွန်တော်တို့ ကားကြီးတွေအတွက်ကတော့ တကယ်ကိုလည်း အန္တရာယ်ကင်းပါတယ်။ မြေနီ အားချင်း ခင်းပေးတာတော့၊ ဒါပေမဲ့ တာရှည်ခံဖို့အတွက်ကိုတော့ အဲဒီလို ကွန်ကရစ် ခင်းပေးမှာလား။ ကျွန်တော် အခုမေးထားပါတယ်။

ဒါကြောင့် ယခုလက်ရှိ လမ်းအခြေအနေကတော့ တော်တော်လေး ဟိုတုန်းကတော့၊ အရင်တုန်းကတော့ ဒီ ရန်ကုန်-ပြည်လမ်းကတော့ တကယ့်ကို ပထမတန်းစားလမ်းပါ။ အခုတော့ တော်တော်များများလည်း ပျက်တဲ့နေရာတွေလည်း ရှိနေပါပြီ၊ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တင်ပြချင်တာကတော့ လမ်းကို ဟိုတုန်းကလိုပဲ သူတို့လမ်းအခေါ်ပေါ့ ဇီးယိုနဲ့ မဖာဘဲနဲ့ ကျွန်တော်တို့

ထပ်ပိုးလှဲခါင်းရင်လည်းပဲ ကျွန်တော်တို့ လမ်းကြိတ်စက်နဲ့ ကြိတ်ပြီး၊ နောက် စက်ကြီးတွေနဲ့ ခင်းပေးဖို့ပဲ၊ နောက်ပြီးတော့ ကုန်တင်ကားတွေကလည်းပဲ ခုဆိုရင် သတ်မှတ်တန်ချိန်နဲ့လည်း သွားနေပါပြီ။ အဲဒီတော့ လမ်းလည်း အပျက်အစီးလည်း နည်းမှာပါ။ ဒါကြောင့် ဇီးယိုနဲ့ မခင်းဘဲနဲ့ ကျွန်တော်တို့ ထပ်ပိုးလှဲခါင်းတဲ့အခါမှာ ယန္တရားတွေနဲ့ ခု ကျွန်တော်တို့ နေပြည်တော်မှာ ခင်းသလိုပေါ့၊ အဲဒီမှာ ကျွန်တော်တွေ့ထားတာက ရန်ကုန်ဘက်ခြမ်းမှာကျတော့ စက်ယန္တရားနဲ့ ခင်းတယ်။ ကျွန်တော်တို့ ဒီဘက် ပဲခူးတိုင်းအခြမ်း ဒီ ဘီးလင်းချောင်းအပြီး ဒီ ပြည်ဘက်ကျတော့ ယန္တရားမပါဘူး။ အဲဒီလိုလေးတော့ ကွာပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ယန္တရားတွေနဲ့ ခင်းနိုင် မခင်းနိုင်၊ ဆောင်ရွက်ပေးနိုင် မပေးနိုင်ဆိုပြီး ကျွန်တော် မေးခွန်း(၇)ခု မေးထားပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် Power Point လေးနဲ့ တစ်ချက် တင်ပြခွင့်ပေးပါ။ ဒါက ကျွန်တော် (၁၃၅)မိုင် (၄)ဖာလုံ ပုံပါ၊ ဒါ ကျွန်တော်တို့ နတ္တလင်းမြို့နယ်ထဲကနေရာပါခင်ဗျား။ အဲဒါတောင်မှ အားလုံးမြင်တွေ့မှာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီ ပေ(၃၀)လောက်ရှိတာကို ကျွန်တော်တို့ ကတ္တရာကျိုပါတယ်။ ကတ္တရာကျိုပြီးတော့မှ ကတ္တရာလောင်းတယ်။ လောင်းပြီးတော့မှ ကျွန်တော်တို့ အပေါ်ကနေ ကျောက်မှုန့်ဖြူးတာပါခင်ဗျ။ ဟိုမှာ လမ်းကြိတ်စက်ကလည်း ရှိပါတယ်။ ဟိုဘက်အဖျားမှာ။ ဒါက ကျွန်တော် ခုနတင်ပြတဲ့ လမ်းဘာကြောင့် ကြာရသလဲဆိုတာ ကျွန်တော် ဝန်ကြီးဌာနကို တင်ပြတာပါ။ ဘာကြောင့်လဲဆိုတော့ ဖိုးသာကုန်း၊ ဒါ အတက်ပါခင်ဗျား။ ကျွန်တော်တို့ နတ္တလင်းဘက်ကနေ သွားတာပါ။ ဖိုးသာကုန်းအတက်မှာ အဲဒီမှာ အဝင်ဝလေး၊ အဲဒီမှာ အလုပ်သမား (၂)ယောက်ပဲ ရှိပါတယ်ခင်ဗျား။ ကျွန်တော်တို့ (၃)ပေလမ်း ကွန်ကရစ်လောင်းဖို့ ချဲ့နေတာ။ ဒါကတော့ ကျွန်တော် သွားရင်းနဲ့ ကျွန်တော့်ကားနဲ့ ကျွန်တော်လိုက်ပြီးရိုက်ထားတာပါ။ မှန်ပါတယ်။ ပြည့်တာတော့ (၃)ပေပြည့်ပါတယ်။ ဒါက အခုလက်ရှိ ကျွန်တော် အဲဒီ ခုနက ကားရပ်ထားတဲ့ ရှေ့မှာ ပေါင်းတည်ဘက်အခြမ်းပေါ့၊ ပေါင်းတည်မြို့နယ်ဘက်အခြမ်းမှာ ဖိုးသာကုန်းတံတားအတက်ကို ခင်းနေတာ။ ဒါက ကျွန်တော် ၉ ရက်နေ့၊ တနင်္ဂနွေနေ့က၊ ပြန်တဲ့နေ့က ကျွန်တော် ပြည်ဘက်လမ်းကနေ နေပြည်တော်ပြန်တဲ့နေ့က ကျွန်တော်လမ်းမှာ ရိုက်ထားတဲ့ပုံတွေပါ။ ဒါ ရွှေတောင်မြို့နယ်ထဲမှာပါ ခင်ဗျား။ ဒါ လှည်းကူးမြို့နယ်ထဲမှာပါ။ လမ်းရဲ့ ဘယ်ဘက်မှာ မြေနီတွေပုံထားတာပါ။ ဒါကတော့ ရွှေတောင်မြို့နယ်ထဲရောက်သွားပါပြီ လမ်းညာဘက်မှာ မြေနီတွေ ပုံထားတဲ့ ဓာတ်ပုံပါ။ ဒါကတော့ ကျွန်တော် ခုနတင်ပြခဲ့တဲ့ ပြည်မြို့ အဝင် Toll gate ပါခင်ဗျား။ အဲဒီ Toll gate အဝင်နားမှာ ကျွန်တော်တို့ (၃)ပေကွန်ကရစ်လမ်း ချဲ့နေတာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို ကျွန်တော့်အနေနဲ့ တင်ပြထားတဲ့ မေးခွန်း (၇)ခုအား အများပြည်သူများကိုယ်စား ဖြေကြားပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၃း၄၆။**

**ဥက္ကဋ္ဌ။** ။မေးခွန်းနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၄၆။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ရှိသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ အထူး ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၂) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးထွန်းဇော်(ခေါ်)ကိုပေါက် မှ မေးမြန်းထားတဲ့ မေးခွန်းတွေကို ကျွန်တော်ဖြေကြားရမှာ ဖြစ်ပါတယ်။ ဒါ မဖြေကြားခင် ဒါ လွှတ်တော်ကိုယ်စားလှယ်ကြီးက ဒီမှာ Power Point တွေ၊ ဘာတွေနဲ့ တင်ပြသွားတဲ့အတွက် ဒီ တင်ပြချက်များနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ အထူးကျေးဇူးတင်ရှိပါကြောင်းလည်း တင်ပြလိုပါတယ်။

အဲဒီတော့ ဒီမှာ ကျွန်တော်တို့ကို စုစုပေါင်းမေးခွန်း(၇)ခုမေးသွားတာ ဖြစ်ပါတယ်။ ဒီမေးခွန်း(၇)ခုကတော့ ရန်ကုန်-ပြည်လမ်းကို ဌာနက ချဲ့မှာလား။ ကုမ္ပဏီကချဲ့မှာလား။ (၂) ကတော့ ယခု ဇီးကုန်းမြို့အတွင်းမှ (၃)ဖာလုံ၊ (၄)ဖာလုံ လောက်ချဲ့တာတောင် ဒီလောက်ကြာရင် ရန်ကုန်-ပြည်လမ်းတစ်လျှောက် ဘယ်လောက်ကြာကြာ ဆောင်ရွက်မှာလဲ။ (၃)ကတော့ မည်သည့်ကာလ အတွင်း ပြီးပြတ်မှာလဲ။ (၄) ကတော့ ရန်ကုန်-ပြည်လမ်း ဘေးဝဲ/ယာမှာ လမ်းအရိပ်ရမယ့် တပ်မတော် အစိုးရလက်ထက်က ကျွန်းပင်နဲ့ မလေးရှား ပိတောက်စတဲ့ အပင်မျိုးစုံ စိုက်ပျိုးခဲ့ပါတယ်။

အဲဒီအပင်များကိုရော လမ်းနယ်နိမိတ်ထဲ ရောက်နေလို့ ခုတ်လှဲပစ်မှာလား။ (၅) ကတော့ ကျွန်းပင်မှလွဲ၍ အခြားအပင်များကို ကျေးရွာနေ ပြည်သူတွေအတွက် ခုတ်လှဲပစ်ပါက ထင်းအဖြစ် ပေးခဲ့မှာလား။ အပင်တွေကတော့ နှမြောဖို့ ကောင်းပါတယ်။ (၆) ကတော့ မြို့ပြင်လမ်းများ ချဲ့တဲ့အခါ ဘိလပ်မြေကွန်ကရစ်လောင်းချဲ့မှာလား။ ကတ္တရာနဲ့ ချဲ့မှာလား။ မြေတူး၊ ကျောက်ထည့်၊ မြေနီဖုံး ခင်းမှာလား။ (၇) ကတော့ ယခုလက်ရှိလမ်းမှာပင် အတော်ပျက်စီးမှုရှိနေ၍ လမ်းအခေါ်အဝေါ် ဇီးယို နဲ့ ဖာခြင်း၊ လူအားနဲ့ ထပ်ပိုးလွှာခင်း၊ လမ်းကြိတ်စက်ဖြင့် ကြိတ်ခြင်းများကို တွေ့ရှိနေရပါတယ်။ ကုန်တင်ယာဉ်ကြီးများလည်း သတ်မှတ်တန်ချိန်အတိုင်း ကုန်တင်မောင်းနှင်နေပြီဖြစ်တဲ့အတွက် လမ်း ပျက်စီးမှုလည်း နည်းပါးမှာပါ။

သို့ပါ၍ လမ်းပျက်စီးခြင်းကို ဇီးယိုဖြင့် မဖာဘဲ ထပ်ပိုးလွှာ ခင်းခြင်းကို စက်ယန္တရားများဖြင့် ဆောင်ရွက်ပေးနိုင်၊ မပေးနိုင်စတဲ့ မေးခွန်းများကို မေးမြန်းထားတဲ့အတွက် ကျွန်တော့်အနေနဲ့ ရှင်းလင်း တင်ပြခွင့်ပြုပါခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးထွန်းဇော် ရဲ့ မေးခွန်းများကို ကျွန်တော်တစ်ခုချင်း ပြန်လည်ဖြေကြားပါ့မယ်။ (၁) မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ရန်ကုန်-ပြည်လမ်းအပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မက်စ် မြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သို့ ၂၂-၆-၂၀၁၁ ရက်နေ့မှ စတင်ပြီးတော့ BOT စနစ်နဲ့ ဆောင်ရွက်ခွင့်ပြုခဲ့တာကြောင့် အဆိုပါလမ်းအပိုင်း လမ်းချဲ့ခြင်းလုပ်ငန်းကို BOT စနစ်နဲ့ ဆောင်ရွက်

နေတဲ့ မက်(စ်)မြန်မာကုမ္ပဏီလီမိတက်မှသာ ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ပထမမေးခွန်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းနဲ့ ပတ်သက်ပြီးတော့ လက်ပံတန်း မှ ပြည်အပိုင်း (၉၀)မိုင်ခန့် ကတ္တရာလမ်းချဲ့ခြင်း လုပ်ငန်းကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ရန် မဖြစ်နိုင်သေးတဲ့အတွက် မြို့တွင်းလမ်းများကို ပထမအဆင့်အနေနဲ့ လမ်းချဲ့ခြင်း ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ၅-၁-၂၀၁၃ ရက်နေ့ ပဲခူးတိုင်းဒေသကြီးခရီးစဉ်မှာ မြို့တွင်းလမ်းများကို ဦးစားပေးတိုးချဲ့သွားရန် လမ်းညွှန်မှာကြားခဲ့တာ ဖြစ်ပါတယ်။ ဒီလို လမ်းညွှန်မှာကြားချက်အရ ကျွန်တော်တို့က ဇီးကုန်းမြို့အတွင်းမှာ လမ်းအပိုင်းကို (၁)မိုင်နဲ့ (၄)ဖာလုံ အကျယ် ကွန်ကရစ်လမ်းချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း ဒုတိယမေးခွန်းအား ရှင်းလင်းတင်ပြပါတယ်။

တတိယမေးခွန်းနဲ့ ပတ်သက်လို့ကတော့ လမ်းချဲ့ခြင်းလုပ်ငန်းများကို ၂၀၁၃ ခုနှစ်မှ စတင်ပြီးတော့ ဆောင်ရွက်လျက်ရှိရာ မိုင်(၉၀)ကို တစ်နှစ်လျှင် (၃၀)မိုင်နှုန်းနဲ့ ၂၀၁၃-၂၀၁၄-၂၀၁၅ အထိ (၃)နှစ် စီမံချက်ရေးဆွဲပြီးတော့ ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီ(၃)နှစ် ပြည့်တဲ့အခါမှာတော့ လက်ပံတန်းကနေ ပြည်အထိကာလဟာ ပြီးဆုံးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

(၄)မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရန်ကုန်-ပြည်လမ်းဟာ (၂၄)ပေအကျယ် ကတ္တရာလမ်းချဲ့ရာမှာ လမ်းဘေးဝဲ/ယာမှာ ကျွန်းပင်များနဲ့ မလေးရှားပိတောက်ပင် စတဲ့အပင်များ ခုတ်လှဲခြင်းနဲ့ ပတ်သက်လို့ (၂၄)ပေ အကျယ်ကတ္တရာလမ်းနဲ့ အမာခံလမ်းပခုံးဆောင်ရွက်မယ့် နယ်နိမိတ်အတွင်းမှာ ကျရောက်နေတဲ့ အပင်များကိုတော့ ရှင်းလင်းခုတ်လှဲသွားမှာ ဖြစ်ပါတယ်။ သို့ရာတွင် တတ်နိုင်သမျှ ခုတ်လှဲမှုနည်းအောင် ကျွန်တော်တို့ လမ်းကို အကွေ့အကောက်များအပေါ်မှာ မူတည်ပြီးတော့ ရှောင်လွှဲလို့ရသလောက် ရှောင်လွှဲပြီးတော့ အပင်များခုတ်လဲမှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြပါတယ်။

မေးခွန်း(၅)နဲ့ ပတ်သက်ပြီးတော့ လမ်းနယ်နိမိတ်နဲ့ မလွတ်ကင်းတဲ့ ကျွန်းပင်များကို ခုတ်လှဲရာမှာတော့ ထွက်ရှိလာတဲ့ ကျွန်းပင်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဦးစီးဌာနကို အပ်နှံဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ အခြားအပင်အမျိုးအစားတွေကိုတော့ BOT ကုမ္ပဏီရဲ့ ကတ္တရာကျိုလုပ်ငန်းမှာ ထင်းအဖြစ်အသုံးပြုပြီး အချို့ကိုတော့ သက်ဆိုင်ရာ ဒေသအာဏာပိုင်များနဲ့ ညှိနှိုင်းပြီးတော့ ဒေသခံများအတွက် ထင်းအဖြစ် အသုံးပြုရန် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တင်ပြပါတယ်။

(၆) မေးခွန်းနဲ့ ပတ်သက်ပြီးတော့ မြို့ပြင်လမ်းများချဲ့တဲ့အခါ ကွန်ကရစ်နဲ့ ဆောင်ရွက်မှာဖြစ်ပြီးတော့ ချဲ့ပြီးတဲ့ နေရာတွေမှာ ဂဝံမြေ သို့မဟုတ် မြေနီကျောက်စရစ်နဲ့ လမ်းပခုံး တစ်ဖက်(၃)ပေ ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှာဖြစ်ပါတယ်။ ကွန်ကရစ်ဖျော်စက် အကြီးစားများကိုတော့ လမ်းဘေးသင့်တော်ရာနေရာများမှာ တည်ဆောက်ပြီးဖြစ်ပါတယ်။ ကွန်ကရစ်ဖျော်စက် အငယ်များကိုတော့ လမ်းတစ်လျှောက် ရွှေ့ပြောင်းစနစ်နဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မေးခွန်း(၇)နဲ့ ပတ်သက်ပြီးတော့ ကတ္တရာလမ်း မျက်နှာပြင်ပျက်စီးမှုကို အခြေအနေပေါ် မူတည်ပြီးတော့ နည်းလမ်း(၃)သွယ်နဲ့ ကျွန်တော်တို့ ဆောင်ရွက်ပါတယ်။ လမ်းပျက်စီးမှုကို

ကျွန်တော်တို့ ပြန်သုံးသပ်တဲ့အခါမှာ ပထမလမ်းပျက်တာဟာ စပျက်ကာစမှာ pot hole ခေါ်တဲ့ လမ်းအပေါက်ကလေးများ ဖြစ်ပေါ်လာတာဖြစ်ပါတယ်။ ဒီလိုလမ်းအပေါက်ကလေးများ ဖြစ်ပေါ်တဲ့ အခါမှာ ဒီအရေအတွက်နည်းသေးရင် ကျွန်တော်တို့က ဒါ ကျွန်တော်တို့ရဲ့အခေါ် ဇီးယို ဆိုတဲ့ (Premix) နဲ့ ကျွန်တော်တို့ ဖာထေးတဲ့လုပ်ငန်းကို ပထမလုပ်ငန်းတစ်ရပ် အနေနဲ့ ဆောင်ရွက်ပါတယ်။ ဒုတိယလုပ်ငန်းကတော့ ကျွန်တော်တို့ လမ်းမျက်နှာပြင်ကို ကြည့်လိုက်တဲ့အခါမှာ လမ်းမျက်နှာပြင်မှာ နိမ့်ကျတဲ့ Depression ဆိုတာရှိပါတယ်။ နိမ့်ကျသွားတာရှိတဲ့အပိုင်းနဲ့ ပြီးရင် ကျွန်တော်တို့ ဒါလှိုင်း ဖြစ်သွားတဲ့၊ corrugated ဖြစ်သွားတဲ့ အပိုင်းတွေရှိပါတယ်။ အဲဒီအပိုင်းများကိုတော့ ကျွန်တော်တို့က နိမ့်ကျတဲ့အပိုင်းနဲ့ corrugated ဖြစ်သွားတဲ့၊ လှိုင်းဖြစ်သွားတဲ့ အပိုင်းတွေကို အရင်ဆုံး Leval ညီအောင် ကျွန်တော်တို့ ညှိပါတယ်။ ညှိပြီးတော့မှ ကျွန်တော်တို့က အဲဒီအပေါ်မှာ ထပ်ပိုးလွှာတင်တဲ့ Levelling & Seal ဆိုတဲ့လုပ်ငန်းကို ကျွန်တော်တို့ ဒုတိယလုပ်ငန်းအဖြစ် ကျွန်တော်တို့ ဆောင်ရွက် ပါတယ်။

တတိယလုပ်ငန်းကတော့ ကျွန်တော်တို့ ကတ္တရာလမ်း မျက်နှာပြင်ကို ကြည့်လိုက်တဲ့အခါမှာ မျက်နှာပြင်မှာ ပျက်စီးမှုဟာ (၄၀)ရာခိုင်နှုန်း အထက်ရှိတယ်ဆိုရင် အဲဒီမျက်နှာပြင် တစ်ခုလုံးမှာ ကျွန်တော်တို့က အောက်မှာ regulation ဆိုပြီးတော့ ဖာတာ၊ ထေးတာလုပ်ပြီးရင် အပေါ်မှာ ကျွန်တော်တို့ ထပ်ပိုးလွှာ တင်ရတာဖြစ်ပါတယ်။ ဒါလွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ထပ်ပိုးလွှာ ဖြစ်ပါတယ်။ အဲဒီ ထပ်ပိုးလွှာဟာ overleaf layer အနေနဲ့ ကျွန်တော်တို့ တစ်လွှာထပ်တင်တဲ့ လုပ်ငန်းကို ကျွန်တော်တို့ ဆောင်ရွက်ပါတယ်။ overleaf လုပ်ငန်းဆောင်ရွက်တဲ့အခါမှာလည်း ကျွန်တော်တို့က နိုင်လွန်ကတ္တရာ သို့မဟုတ်ရင်လည်းပဲ ကျောက်ကတ္တရာများနဲ့ ထပ်ပိုးလွှာများကို ဆောင်ရွက်လျက်ရှိပါတယ် ဆိုတာကို (၇)မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြပါတယ်။

ရှိသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ရန်ကုန်-ပြည်လမ်းရဲ့ လက်ပံတန်း-ပြည် လမ်းအပိုင်း (၂၄)ပေ ကတ္တရာခင်းခြင်းနဲ့ ကတ္တရာလမ်းမျက်နှာပြင် ပျက်စီးမှုတွေကို ပြင်ဆင်ရာမှာတော့ လူအင်အား၊ ပစ္စည်းအင်အား၊ စက်/ယာဉ် အင်အားများ ပေါင်းစပ်ပြီးတော့ ကောင်းမွန် ချောမွေ့ စေရေးအတွက် BOT စနစ်နဲ့ ဆောင်ရွက်နေတဲ့ မက်စ်မြန်မာ ကုမ္ပဏီလီမိတက်ကို ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ကြီးကြပ်ပြီးတော့ တွန်းအားပေး ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကျိုင်းတုံမြို့နယ်တွင် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၅၄။**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ် က ကျိုင်းတုံမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၅၄။**

**ဒေါက်တာစိုင်းဆိုင်ကျော့က်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျော့က်ဆမ် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် တောင်သူလယ်သမား အကျိုးစီးပွား မြှင့်တင်ရေးကော်မတီဝင် အဖွဲ့ဝင်တစ်ယောက်လည်း ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ယခု ကျွန်တော် ဒီ ကျိုင်းတုံမြို့မှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဖွင့်လှစ်ဖို့ အစီအစဉ်ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို အရင်တုန်းက၊ ကျွန်တော် အရင်လတုန်းက ကျွန်တော်တို့ ကော်မတီအစည်းအဝေးမှာ တစ်ခါ၊ တစ်ကြိမ် မေးပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ တောင်သူလယ်သမားအကျိုးစီးပွားမြှင့်တင်ရေး ဥက္ကဋ္ဌရဲ့ စီစဉ်ပေးချက်အရ ဒီမိမိမြို့နယ်မှာရှိတဲ့ တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားအတွက် လိုအပ်ချက်များ၊ ပြဿနာများကို တင်ပြဆွေးနွေးနိုင်ရန်အတွက် လယ်/ဆည်ဝန်ကြီးဌာနမှ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များကို ဖိတ်ကြားပြီးတော့ အစည်းအဝေးလုပ်ခဲ့ပါတယ်။ အဲဒီတုန်းက ဆည်မြောင်းဦးစီးဌာန၊ စက်မှု လယ်ယာ ဦးစီးဌာန၊ ကြေးတိုင်မြေစာရင်းဦးစီးဌာနရဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာ့လယ်ယာစိုက်ပျိုးရေးမှ အထွေထွေမန်နေဂျာ တက်ရောက်ခဲ့ပါတယ်။ မြန်မာ့လယ်ယာစိုက်ပျိုးရေး အထွေထွေဘဏ် မန်နေဂျာနဲ့လည်း ကျွန်တော်တစ်ခါ တင်ပြ မေးမြန်းခဲ့ပါတယ်။

ဒါပေမဲ့ ယခုမေးခွန်းကို အဲဒီကော်မတီ အစည်းအဝေး မတိုင်မီတုန်းက လွှတ်တော်ရုံးမှာ တင်ခဲ့တဲ့အတွက်ကြောင့်၊ အခုပြန်ပါတဲ့အတွက်ကြောင့် ဒါ ဒုတိယအကြိမ် မေးမြန်းခြင်းဖြစ်ပါတယ် ခင်ဗျား။ မှန်ပါတယ်ခင်ဗျား။ ကျိုင်းတုံမြို့နယ်မှာ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ် ဖွင့်ဖို့ တကယ်ပဲ လိုအပ်လျက်ရှိပါတယ်။ ရှမ်းပြည်အရှေ့ ပိုင်း(၁၀)မြို့နယ်မှာ ဘဏ်တစ်ခုမှ မရှိသေးပါဘူး ခင်ဗျား။ အဲဒါကြောင့် တောင်သူလယ်သမားများ စိုက်စရိတ် ချေးငွေရရှိရန်အတွက် မနှစ်တုန်းက တောင်သူလယ်သမား မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီမှာ တင်ပြခဲ့ပါတယ်။

မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီကလည်း ချေးငွေယူလိုတဲ့ တောင်သူလယ်သမား ဦးရေစာရင်းများကို ကောက်ပြီးတော့ ယခင်နှစ် ဇွန်လမှာ ဆက်လက် တင်ပြထားပြီးပြီလို့ သိရှိရပါတယ်ခင်ဗျား။

ကျိုင်းတုံမြို့နယ်မှာ ယခင်တုန်းက စိုက်ပျိုးရေးဘဏ်ရှိခဲ့ပါတယ်။ ဟိုးယခင့်ယခင်ခေတ် ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူ့ဘဏ်၊ စိုက်ပျိုးရေးဌာန၊ နောက်ပြီးတော့ မြန်မာ့စိုက်ပျိုးရေးဘဏ်၊ ပြီးတော့ စိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဘဏ် စသည်ဖြင့် ခေတ်အဆက်ဆက်တုန်းက ဘဏ်ရှိခဲ့ပါတယ်။ ဒါပေမဲ့ ငွေလာရောက်ချေးယူတဲ့သူ နည်းပါးတဲ့အတွက်ကြောင့်လည်းကောင်း၊ ပြီးတော့ ဝန်ထမ်းများ ခန့်ထားမှုက ခက်ခဲတဲ့အတွက်ကြောင့်လည်းကောင်း ဒီလွန်ခဲ့တဲ့ (၁၅)နှစ်တုန်းက အဲဒီဘဏ် ရုပ်သိမ်းခဲ့ပါတယ်ခင်ဗျား။ ဒါပေမဲ့ အဲဒီတုန်းက ငွေပမာဏ နည်းတဲ့အတွက်ကြောင့် လာရောက်ချေးယူတဲ့သူ နည်းတယ်လို့ ကျွန်တော် ယူဆပါတယ်။ ယခုတော့ ဒီနိုင်ငံတော်မှ အဲဒီ စိုက်စရိတ် ချေးငွေကို လုံလုံလောက်လောက် မဟုတ်သည့်တိုင်အောင် လယ်ယာလုပ်ငန်းများကို အထောက်အကူပြုနိုင်အောင်

ဈေးငွေခွင့်ပြုပေးတဲ့အတွက်ကြောင့် ဒီကျိုင်းတုံက တောင်သူလယ်သမားများကလည်း အများနည်းတူ ဈေးငွေကို လိုချင်လာကြပါတယ်။ အဲဒါကြောင့်လည်းပဲ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီဆီမှ ဆက်လက်တင်ပြ တောင်းခံခြင်းဖြစ်ပါတယ် ခင်ဗျား။

ဒီကျိုင်းတုံမြို့နယ်မှာ လယ်ယာလုပ်သားရှားပါးတဲ့အတွက်ကြောင့် တခြားဒေသနဲ့ စာလို့ရှိရင်တော့ စိုက်စရိတ်က များစွာကုန်ကျပါတယ်ခင်ဗျား။ လယ်တစ်ဧကအတွက် သုံးသိန်းခွဲလောက် ကုန်ကျပါတယ်။ ထွန်ယက်စိုက်ပျိုးတဲ့နေရာမှာ ကိုယ်တိုင်လုပ်နိုင်ပေမယ့် အဲဒီကောက်စိုက်ချိန်၊ ရိတ်သိမ်းချိန်ကျတော့ ငွေအား လိုလာပါတယ်။ အဲဒါကြောင့် ကျွဲ၊ နွားမရှိတဲ့သူဆိုရင် ပိုတောင်ဆိုးပါတယ်ခင်ဗျား။ အဲဒါကြောင့် ငွေကို ရှိမဲ့သူထံ ရှာရတယ် ငွေတိုးများပါတယ်။ အဲဒါကြောင့် အကြွေးသံသရာ ပိုပြီးတော့ လည်နေပါတယ်။ နောက်ဆုံးတော့ အဲဒီ လယ်စွန့်၊ ယာစွန့်၊ အိမ်စွန့်ပြီးတော့ တစ်ဖက်နိုင်ငံမှာ ဒီကျဘမ်းအလုပ်ပဲ သွားလုပ်နေရပါတယ်။ ကျွန်တော်တို့ ရှမ်း(အရှေ့)မှာဆိုရင်တော့ ဆင်းရဲနွမ်းပါးမှုက ဒုတိယ လိုက်နေပါတယ်ခင်ဗျား။ ချင်းပြည်နယ် ပထမပြီးတော့ ရှမ်း(အရှေ့) (၄၆.၃)နဲ့ ဆင်းရဲနွမ်းပါးမှုမှာ ဒုတိယ လိုက်နေပါတယ်။ ယခုက ရှမ်း(တောင်)နဲ့ ရှမ်း(မြောက်)နဲ့ ပေါင်းလိုက်လို့ ကျွန်တော်တို့ ရှမ်းပြည်နယ်က (၃၃)ရာခိုင်နှုန်း ဖြစ်ပါတယ်။ ရှမ်းအရှေ့ တစ်ခုတည်းဆိုလို့ရှိရင်တော့ ဆင်းရဲနွမ်းပါးမှုက ဒီ(၄၆.၃) ရာခိုင်နှုန်း ဖြစ်ပါတယ်။ အဲဒီတော့ ရှမ်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ဒီဈေးငွေရရှိအောင် ဆောင်ရွက်ပေးဖို့ဆိုတာကလည်း အစီအစဉ် တစ်ခုတည်းမှာ ပါ ပါတယ်။ အဲဒါကြောင့် ဒီကျိုင်းတုံအတွက် ဈေးငွေရရှိရေးအတွက်က အမှန်ပဲ လိုအပ်လျက်ရှိပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ ဒီရှမ်းအရှေ့ရဲ့ မြို့တော်ဖြစ်တဲ့ ကျိုင်းတုံမြို့မှာ ဒီလယ်ယာ၊ မြန်မာလယ်ယာ စိုက်ပျိုးရေးဘဏ် ဖွင့်လှစ်ပေးနိုင်ရေးအတွက် တင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၃း၅၉။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၅၉။**

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းရေးဝန်ကြီးဌာန)**။ ။ ရိုသေ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝ ပြုအပ်ပါတယ်။ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျိုင်းတုံမြို့နယ်မှာ လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို အောက်ပါအတိုင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

မြို့နယ်ဘဏ်ခွဲအသစ်တစ်ခု တိုးချဲ့ဖွင့်လှစ်နိုင်ဖို့အတွက် အောက်ဖော်ပြပါအချက်များကို ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ (က) မြို့နယ်ဘဏ်ခွဲ ဝန်ထမ်းဖွဲ့စည်းပုံ ရရှိရန် ဆောင်ရွက်ခြင်း (ခ) ဘဏ်ခွဲရုံး အဆောက်အဦ ဆောက်လုပ်ရန်အတွက် မြေနေရာရရှိရန် ဆောင်ရွက်ခြင်း၊ (ဂ) ရုံး အဆောက်အဦ ဆောက်လုပ်ရန်နှင့် ပရိဘောဂများအတွက် မှီရာ ဘဏ္ဍာရေးနှစ်မှာ ဘတ်ဂျက် ရန်ပုံငွေ (ငွေလုံးငွေရင်း)တောင်းခံခြင်း၊ (ဃ) မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ ဘဏ်ခွဲအသစ် ဖွင့်လှစ်ခွင့်ပြုချက် လျှောက်ထားခြင်း၊ (င) ရပ်ကွက်/ ကျေးရွာအုပ်စု ချေးငွေစိစစ်ရေးအဖွဲ့များ ဖွဲ့စည်း ခြင်းနှင့် တောင်သူတစ်ဦးချင်း အဖွဲ့ဝင်သစ်များစာရင်း ဖွင့်လှစ်ခြင်းတို့ ဆောင်ရွက်ရပါတယ်။ ကျိုင်းတုံ မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဖွင့်လှစ်နိုင်ဖို့အတွက် အထက်ဖော်ပြပါ လုပ်ငန်းစဉ် အဆင့်ဆင့်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ပြီးသည့်ကာလတွင် ကျိုင်းတုံမြို့နယ် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအသစ်ကို ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြား အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

## အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၄း၀၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ် နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ ဦးမောင်အေးထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၀၁။**

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်တော် ကြီးများအား မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)က လွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးထွန်း ဖြစ်ပါတယ်။ ကျွန်တော်က အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြချက်နဲ့ပတ်သက်ပြီး ပထမအနေနဲ့ အထူးထောက်ခံအပ်ပါတယ်။

သို့သော်လည်းပဲ ပြုပြင်ခြင်းများ အနည်းငယ် လိုအပ်နေကြောင်း ထင်မြင်မိပါ၍ ဥပဒေရင်းပါ အချက်အလက်ထဲက စကားရပ်အချို့ကို ပြုပြင်ဖြည့်စွက် အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သော လွှတ်တော် ဥပဒေကြမ်း အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(ဇ)တွင် ပြည်တွင်းအသင်းအဖွဲ့ဆိုသည်မှာ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုး အလို့ငှာ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခွင့်အရေးနှင့် ရည်ရွယ်ချက်တစ်ခုခု သို့မဟုတ် လုပ်ငန်းစဉ် တစ်ခုခု

အတွက် အဖွဲ့ဝင်များ၏ ဘုံအကျိုးစီးပွားအတွက် သော်လည်းကောင်း၊ နှစ်ဦး သို့မဟုတ် နှစ်ဦးထက် ပိုသော လူအများစု ပါဝင်ဖွဲ့စည်းထားသည့် အကျိုးအမြတ် မယူသော ပြည်တွင်း လူမှုရေးအသင်းကို ဆိုသည်။ ကွင်းစမှာ ယင်းစကားရပ်များတွင် အသင်းအဖွဲ့များ၏ အဖွဲ့ကွဲများလည်း ပါဝင်သည် ဟူသော ပုဒ်မတွင် ကျွန်တော့်အနေဖြင့် (၂)ဦးအစား (၅)ဦး ဟူ၍ ပြုပြင်မည်။ ပြည်တွင်း ဆိုသည့် စကားရပ်၏ရှေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ဟု ဖြည့်စွက်ရေးသားသင့်ပါကြောင်း ကျွန်တော် တင်ပြအပ်ပါတယ်။

အဘယ်ကြောင့်ဆိုသော် အသင်းအဖွဲ့ဝင် (၂)ဦးအစား (၅)ဦး ဖြည့်စွက်ရခြင်းမှာ (၂)ဦးဖြင့် အသင်းအဖွဲ့ မဖြစ်နိုင်ကြောင်းကို ရိုးရှင်းစွာ တွေ့မြင်သိရှိရပြီးလျှင် ဥပဒေအသုံးအနှုန်းများမှာ အများအားဖြင့်တော့ (၅)ဦးကို အခြေခံပြီး သုံးနှုန်းထားတာကို တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် ပြောရရင် ကာဖျူးအမိန့်တို့၊ နောက်ပြီးတော့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ၊ ဥပဒေပါ ဓားပြမှုတို့မှာဆိုရင် (၅)ဦးကို အခြေခံပြီးတော့ ပြုလုပ်ထားကြောင်း တွေ့ရှိရပါတယ်။ ထို့ကြောင့် (၂)ဦးအစား (၅)ဦးကို ပြင်ဆင်သင့်ပါကြောင်း တင်ပြပါတယ်။ ထို့ပြင် ပြည်တွင်းဆိုသည့် စကားရပ်မှာ အဲဒီပြည်တွင်းဆိုသည့် စကားရပ်သည် အလွန်တစ်ရာမှ တိုတောင်းလွန်းတဲ့အတွက် မြန်မာစာ အရေးအသားမှာဆိုရင် သံခိပ် အရေးအသား ပုံစံမျိုးဖြစ်နေပါတယ်။ ပြည်တွင်းဆိုတဲ့ကိစ္စဟာ ဘယ်ပြည်တွင်းလဲဆိုတာကို မေးမြန်း စရာတွေ ရှိတဲ့အတွက် ပြည်တွင်းဆိုတဲ့ စကားရပ်၏ ရှေ့မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရေးသားပါက ပိုမိုသင့်တော်မည်ဖြစ်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

အခန်း(၃) အပိုဒ် ၅ (က) ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုအဆင့် မှတ်ပုံတင်တဲ့ အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်ဟု ဖော်ပြထားပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီးက အဖွဲ့ဝင်၊ နိုင်ငံခြားရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးက အဖွဲ့ဝင်၊ အမျိုးသားစီမံကိန်းနဲ့ စီးပွားတိုးတက်ရေးဝန်ကြီးဌာန၊ ဒုတိယဥက္ကဋ္ဌက အဖွဲ့ဝင်၊ ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနက အတွင်းရေးမှူး ဆိုပြီးတော့ ဖွဲ့စည်းထားတာကို တွေ့ရှိရပါတယ်။

အဲဒီဖွဲ့စည်းထားတဲ့နေရာမှာ ဥပဒေဆိုင်ရာ အထောက်အကူပြုကိစ္စရပ်နဲ့ ပတ်သက်ပြီးတော့ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မျှ မပါတဲ့အတွက် အဲဒီအဖွဲ့အစည်းမှာ ပြည်ထောင်စုရှေ့နေချုပ်မှ ညွှန်ကြားရေးမှူးချုပ် (၁)ဦးနှင့် နောက် အသင်းအဖွဲ့နဲ့ပတ်သက်ပြီးတော့ ငွေစာရင်းအင်းတွေ အထောက်အကူပြုရေး ရရှိရေးအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်မှ ညွှန်ကြားရေးမှူးချုပ် (၁)ဦး ပေါင်း (၂)ဦး ပါဝင်ဖွဲ့စည်းပြီး စုစုပေါင်း (၇)ဦးဖြင့် ဖွဲ့စည်းသင့်ကြောင်း တင်ပြအပ်ပါတယ်။ အခန်း(၃) ပုဒ်မ ၅ (ခ) ပုဒ်မခွဲငယ် ၃ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသင်းအဖွဲ့အစည်းမှ ရွေးချယ် သော ကိုယ်စားလှယ် (၂)ဦး ဆိုတဲ့ စကားအစား တစ်နိုင်ငံလုံး တူညီစေရန်အတွက် ၎င်းတို့ (၂)ဦးကို ဥပဒေချုပ်ရုံးမှ ညွှန်ကြားရေးမှူး (၁)ဦးနှင့် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အထောက်အကူပြု စေရေးအတွက် စည်ပင်သာယာမှ ညွှန်ကြားရေးမှူး (၁)ဦး၊ အဖွဲ့ဝင်(၂)ဦးကို ပုံသေအားဖြင့် ထည့်သွင်း ဖွဲ့စည်းပါက ပိုပြီး သင့်လျော်မည် ဖြစ်ပါတယ်။ ထို့အတူ ပုဒ်မ ၅ (ဂ) ပုဒ်မခွဲ ၃ ၌ နေပြည်တော် ကောင်စီအသင်းအဖွဲ့ရွေးချယ်တဲ့ ကိုယ်စား(၂) ဦးနှင့် ပတ်သက်ပြီး ပုဒ်မ ၅ (ခ) ပုဒ်မခွဲငယ် ၃ တွင် ပြင်ဆင်ချက်အတိုင်း ဖွဲ့စည်းသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

ထို့အတူ ပုဒ်မ ၅ (ဃ) ပုဒ်မခွဲငယ် ၃ တွင် မြို့နယ်အဆင့် အဖွဲ့အစည်းများ ရွေးချယ်သော ကိုယ်စားလှယ်(၂)ဦးအစား မြို့နယ်ဥပဒေရုံးမှ ဦးစီးအရာရှိ (၁)ဦးနှင့် စည်ပင်သာယာမှ ဦးစီးအရာရှိ တစ်ဦးကို ဖြည့်စွက်ထည့်သွင်းထားရန် လိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဥပဒေအရာရှိဆိုတာ ကတော့ ဥပဒေအထောက်အကူပြု ဖြစ်သည့်အပြင် တရားစွဲဆိုတဲ့အခါမှာလည်း တရားစွဲ အဖွဲ့အစည်း မှာလည်း ပါဝင်တဲ့အတွက် ဥပဒေပြုရော တရားစွဲဆိုရေးကိစ္စရပ်ပါ အထောက်အကူပြု ရရှိပါတယ်။ စည်ပင်သာယာရေးကိစ္စနဲ့ပတ်သက်ပြီးတော့လည်း စည်ပင်မှ ဦးစီးအရာရှိတစ်ဦးကို ထည့်သွင်းခြင်း အားဖြင့် စည်ပင်ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေကို သိရှိနိုင်ရန်အတွက် ဖွဲ့စည်းထားသင့်ပါတယ်။ ထို့ကြောင့် ဤအဖွဲ့ဝင်(၂)ဦးကို မြို့နယ်ဥပဒေအရာရှိ(၁)ဦးနှင့် စည်ပင်အရာရှိ (၁)ဦးကို ပေါင်း (၂)ဦး ကို ပုံသေအားဖြင့် ထည့်သွင်းဖွဲ့စည်းထားသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

တဖန် အခန်း (၄) ပုဒ်မ ၁၂ မှာ မှတ်ပုံတင်ကြေးပေးသွင်းရန် မလိုဆိုသည့် စကားအစား အသင်းအဖွဲ့များမှ အလေ့အထ ပြုစေရန်အတွက် မှတ်ပုံတင်ကြေး တစ်သောင်းပေးသွင်းရမည်ကို ပြင်ဆင်သင့်ပါတယ်။ မှတ်ပုံတင်ကြေး မပေးသွင်းရင် မည်သူမဆို အလေးမထားဘဲနဲ့ မှတ်ပုံတင် လုပ်ငန်းများကို လုပ်ဆောင်ရတဲ့အတွက် အသင်းအဖွဲ့များ ဖောင်းပွလာမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် မြို့နယ်အဆင့် အသင်းအဖွဲ့မှတ်ပုံတင်တဲ့ကိစ္စမှာ မှတ်ပုံတင်ကြေး တစ်သောင်း ပေးသွင်းရန် ပြင်ဆင် ပါက ပိုပြီး သင့်လျော်မည်လို့ ထင်မြင်မိပါတယ်။ အထူး တင်ပြချက်အနေနဲ့ကတော့ ဒီနေရာမှာ န.ဝ.တ ၏ ၆/၈၈ ဥပဒေကို ရုပ်သိမ်းထားသည့်အပြင် အသင်းအဖွဲ့နဲ့ ပတ်သက်ပြီးတော့ ပြစ်မှုပြစ်ဒဏ်တွေ မပါသဖြင့် အသင်းအဖွဲ့မှတ်ပုံတင်ခြင်း မပြုသည့် အဖွဲ့အစည်းများကို ဟန့်တား နိုင်ရေးအတွက် ပြစ်မှုပြစ်ဒဏ် တစ်ခုကို ထည့်သွင်းသင့်ကြောင်း တင်ပြအပ်ပါတယ်။ နောက် အထူး တင်ပြတာကတော့ အသင်းအဖွဲ့ လျှောက်ထားတဲ့သူ၏ အရည်အချင်းကန့်သတ်ချက်၊ တားမြစ်ချက်များကိုလည်း ကန့်သတ် ဖော်ပြသင့်ကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၁၀။**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) မှ ဦးစိုင်းသန့်ဇင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၀။**

**ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းနဲ့ပတ်သတ်ပြီးတော့ ဥပဒေမှာပါတဲ့ အခန်း(၃) နဲ့ အခန်း(၄) မှာ ရှိတဲ့ ပုဒ်မ (၂) ခုကို ကျွန်တော် ဆက်စပ်ပြီးတော့ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးရတဲ့အကြောင်းရင်းကတော့ ဒီဥပဒေကို ကြည့်တဲ့အခါမှာ အခြေခံဥပဒေပုဒ်မ ၃၅၄ (ဂ) အရ နိုင်ငံသားများရဲ့ အခွင့်အရေး၊ နိုင်ငံသားများ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်ကို ဖော်ဆောင်ပေးတဲ့ဥပဒေ လွယ်ကူစွာ ဖော်ဆောင်ပေးတဲ့ ဥပဒေတစ်ခု ဖြစ်တာကိုတွေ့ရှိရပါတယ်။

အဲဒီတော့ ဒီဥပဒေမှာ ဒီနိုင်ငံသားများရဲ့ မူလအခွင့်အရေးအခန်းမှာပါတဲ့ ပုဒ်မ ၃၄၇ အရ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးကို ရရှိစေရမည်ဆိုတဲ့ ပြဋ္ဌာန်းချက်အတိုင်း ဒီအသင်းအဖွဲ့ ဖွဲ့လိုတဲ့နိုင်ငံသားများကို ဖွဲ့စည်းခွင့်ပေးတဲ့နေရာမှာ ပြည်ထောင်စု

အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် မှတ်ပုံတင်ရေးအဖွဲ့တွေ ဖွဲ့ပြီးတော့ အသင်းအဖွဲ့တွေ ဖွဲ့စည်းနိုင်ရေးအတွက် ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။ ဒီနေရာမှာ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အရ ပေးပို့လာတဲ့ ဥပဒေပုဒ်မ ၁၂ မှာ မြို့နယ်အဆင့် မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်းလှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေးပေးသွင်းရန်မလို သက်ဆိုင်ရာခရိုင်အတွင်းရှိ အခြားမြို့နယ်များသို့ သွားရောက် လှုပ်ရှားလိုပါက သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ အသိပေးတင်ပြရမယ်လို့ အတည်ပြုခဲ့ပါတယ်။

ဒီအတည်ပြုချက်ကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီကနေပြီးတော့ ပြန်လည်ပြင်ဆင်ပြီးတော့ ပြဋ္ဌာန်းတဲ့နေရာမှာ မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာခရိုင်အတွင်း လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေးပေးသွင်းရန် မလို။ သက်ဆိုင်ရာခရိုင်အတွင်းရှိ အခြားမြို့နယ်များသို့ သွားရောက်လှုပ်ရှားလိုပါက သွားရောက်လိုသော မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့သို့ အသိပေးတင်ပြရမယ်လို့ဆိုပြီးတော့ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆိုတဲ့ စကားရပ်ကို ဖြုတ်ထားတာတွေ့ရပါတယ်။ အဲဒီတော့ ဒီပြဋ္ဌာန်းချက်ဟာ ကျွန်တော်တို့မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်တိုင်းမှာရှိတဲ့ ပြည်သူလူထုကနေ အသင်းအဖွဲ့ မြို့နယ်အဆင့်မှာ လွယ်ကူစွာ ဖွဲ့စည်းခွင့်ရသလို သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်းမှာရှိတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းမှာရှိတဲ့ မြို့နယ်တိုင်းက ပြည်သူလူထုကလည်း မြို့နယ်အဆင့်မှာ လွယ်ကူစွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့် ရှိ/မရှိ ကို ကျွန်တော်တို့ ဥပဒေကြမ်းအနေနဲ့ ပြန်လည်သုံးသပ်ပေးဖို့ ဆွေးနွေးခြင်းပဲ ဖြစ်ပါတယ်။

နောက်တစ်ခါ ဥပဒေကြမ်းကော်မတီကနေပြီးတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့အစည်း ဖွဲ့စည်းခြင်းနဲ့ ပတ်သက်ပြီးတော့ ၅(က)မှာ ပြန်ပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းချက်မှာ ဒီဖွဲ့စည်းရေးနဲ့ပတ်သက်ပြီးတော့ ပြဋ္ဌာန်းချက်တွေက အရင်က မူလဥပဒေမှာပါတဲ့ ခရိုင်အဆင့်ဖွဲ့စည်းပုံနဲ့ တူနေပါတယ်ဆိုတော့ ဒီနေရာမှာလည်း ကျွန်တော်တို့ခရိုင်အဆင့်မှာလည်း မှတ်ပုံတင်ပေးနိုင်ခွင့် ရှိ/မရှိကိုလည်း ဥပဒေကြမ်းအနေနဲ့ ပြန်လည်သုံးသပ်ပေးစေလိုပါတယ်။

တကယ်လို့ ပြန်ပြီးတော့ပြဋ္ဌာန်းပေးနိုင်မယ်ဆိုလို့ရှိရင် အခန်း(၄) ပုဒ်မ ၁၂ မှာရှိတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်း လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည် မှတ်ပုံတင်ကြေးပေးသွင်းရန်မလို ဆိုတဲ့ ခရိုင်ဆိုတာလေးကိုလည်း ပြန်ဖြည့်ချင်ပါတယ်။ ဒီ (၂)ခုနဲ့ ပတ်သတ်ပြီးတော့ ဥပဒေကြမ်းအနေနဲ့ ပြန်လည်သုံးသပ်ပြဋ္ဌာန်းပေးဖို့ ဆွေးနွေးခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များ တံဆိပ်တပ်တဲ့အခါမှာ လွှတ်တော်တံဆိပ်က နိုင်ငံတော်တံဆိပ် ပါနေတဲ့အတွက် မိမိပါတီရဲ့ တံဆိပ်အောက်မှာ မတပ်ဖို့ ဦးစိုင်းသန့်ဇင် ကို သတိပေးပါတယ်။

**အချိန်၊ ၁၄း၁၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦး ရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၄း၁၅။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ က ပြန်လည် ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၁၆။**

**ဒေါက်တာမြတ်ဉာဏစိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ ခင်ဗျား။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်အရ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး မှ တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ ၁၅-၁-၂၀၁၄ ရက်နေ့မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးနိုင်ဖို့ ပေးပို့ခဲ့ပါတယ်။ ၂၃-၁-၂၀၁၄ ရက်နေ့က ကျင်းပတဲ့အမျိုးသားလွှတ်တော် အစည်းအဝေးမှာတော့ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးတော့ ပြည်သူ့လွှတ်တော်ကို ပြန်လည်ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းပေါ်မှာ ပြည်သူ့လွှတ်တော်က ၂၄-၂-၂၀၁၂ ရက်နေ့ အစည်းအဝေးမှာ ထပ်မံပြင်ဆင်ချက်တွေနဲ့ အတည်ပြုခဲ့ပြီးတော့ အမျိုးသားလွှတ်တော်ကို ပြန်လည်ပေးပို့ခဲ့ပါတယ်ခင်ဗျား။ ဒီဥပဒေကြမ်းနဲ့ စပ်လျဉ်း ပြီးတော့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ရဲ့ (၂၁)ရက်မြောက် နေ့ဖြစ်တဲ့ ၆-၃-၂၀၁၄ ရက်နေ့မှာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) မှ ဦးနိုန်းခင်းပေါင် က အကြံပြုဆွေးနွေးခဲ့ပါတယ်။ ဒီလိုဆွေးနွေးခဲ့တဲ့နေရာမှာ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော် တို့ နှစ်ရပ်ရဲ့ ပြင်ဆင်အတည်ပြုချက်များအပေါ်မှာ ဖြည့်စွက်ပြင်ဆင်ရန် မဟုတ်ဘဲနဲ့ ဥပဒေရေးဆွဲ ပြဋ္ဌာန်းမှုကိုသာ ထောက်ခံပြီးတော့ ဆွေးနွေးခဲ့ခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ ၆-၃-၂၀၁၄ ရက်နေ့မှာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ထပ်မံညှိနှိုင်းဆွေးနွေးပြီးတော့ ပြန်လည်လေ့လာ စိစစ်မှုများ ပြုလုပ်ခဲ့ပါတယ်။ လေ့လာတွေ့ရှိချက်များကို တင်ပြပါမယ်ခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအချက်

တွေကို တွေ့ရှိရပါတယ်။ (က) ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ဥပဒေကြမ်း ပုဒ်မ ၂ ပုဒ်မခွဲ (ဂ) (ဃ) (င) (စ) (ဈ) (ည) တို့မှာ ဒါတွေဟာ တားမြစ်ချက်အဖြစ်ပြဌာန်းထားခြင်းမဟုတ်ဘဲနဲ့ စီရင်ပိုင်ခွင့် နဲ့ စပ်လျဉ်းတဲ့ ပြဋ္ဌာန်းချက်တွေသာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဆိုပါပုဒ်မခွဲများက ဖြည့်စွက်ဖော်ပြထားတဲ့ မည်သူမဆို ဆိုသည့် စကားရပ်ဟာ လိုအပ်ခြင်းမရှိပါ၍ ပယ်ဖျက်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။ (ခ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့ ဥပဒေကြမ်းပုဒ်မ ၂ ပုဒ်မခွဲ (ဂ) မှာ ပြင်ဆင်ခဲ့တဲ့ တစ်ဦးတစ်ယောက်ဆိုတဲ့ စကားရပ်ထက် ပုဂ္ဂလိကဆိုတဲ့ အသုံးအနှုန်းကသာ ဥပဒေရေးထုံးနဲ့ ပိုမိုဆီလျော်မှုရှိတဲ့အတွက်ကြောင့်မို့လို့ မူလအတိုင်းသာ ထားရှိသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ (ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ဥပဒေကြမ်း ပုဒ်မ ၂ ပုဒ်မခွဲ (ဃ) မှာပါရှိတဲ့ ကြံစည်နေသော စကားရပ်ဟာလည်း ကျူးလွန်ရန် ကြံစည်နေခြင်းကို ဥပဒေအရ သက်သေမပြနိုင်တဲ့အတွက်ကြောင့်မို့လို့ အမျိုးသားလွှတ်တော်ရဲ့ မူလအတည်ပြုချက်အတိုင်းသာ ထားရှိသင့်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။ နောက်ဆုံးအချက်အနေနဲ့ကတော့ ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့ ဥပဒေကြမ်းမှာ ပုဒ်မ ၅၆ ပုဒ်မခွဲ (ခ) နဲ့ ပုဒ်မ ၆၃ ပုဒ်မခွဲ (ခ) တို့ကို ပယ်ဖျက်ခဲ့ပါတယ်။

ဒီပုဒ်မတွေကတော့ ဒီအကြမ်းဖက်မှု တိုက်ဖျက်နှိမ်နှင်းတဲ့နေရာမှာ ဖမ်းဆီးရမိတဲ့ ပစ္စည်းတွေထုခဲ့တာနဲ့ စပ်လျဉ်းပြီးတော့ ၁၀ ရာခိုင်နှုန်း ဒီလိုစွမ်းစွမ်းတမံဖမ်းဆီးခဲ့တဲ့ အဖွဲ့တွေကိုချီးမြှင့်ဖို့ ဖြစ်ပါတယ်။ နိုင်ငံတော်အတွက်ကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သူများကို ချီးမြှင့်နိုင်ရန်နဲ့ နိုင်ငံတကာမှာလည်း ဆုပေးဒဏ်ပေးစနစ်များကို ကျင့်သုံးဆောင်ရွက်လျက် ရှိတဲ့အတွက်ကြောင့်မို့လို့ ဒီအချက်တွေကို ပယ်ဖျက်ရန်မသင့်ဘဲ အမျိုးသားလွှတ်တော်က အတည်ပြုခဲ့တဲ့ မူလပြဋ္ဌာန်းချက်အတိုင်းသာ ထားရှိသင့်ပါကြောင်းလေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့သဘောထားမှတ်ချက်ကို တင်ပြပါမယ်။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းနဲ့စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာတဲ့အချက်များနဲ့ အရေးအသားပြင်ဆင်သင့်သည့် ပုဒ်မ ၂ ပုဒ်မခွဲ (ဂ) နဲ့ (ဃ) စကားရပ် ပယ်ဖျက်သင့်သည့် ပုဒ်မ ၂ ပုဒ်မခွဲ (င) (စ) (ဈ) နဲ့ (ည) ၊ အမျိုးသားလွှတ်တော်ရဲ့ မူလအတည်ပြုချက်အတိုင်းသာ ထားရှိသင့်တဲ့ ပုဒ်မ ၅၆ ပုဒ်မခွဲ (ခ) နဲ့ပုဒ်မ ၆၃ ပုဒ်မခွဲ (ခ) စုစုပေါင်း အချက် (၈)ချက်တို့ဟာ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲတဲ့ အချက်များဖြစ်ပါသဖြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး အဆုံးအဖြတ် ခံယူသင့်ပါကြောင်း လေးစားစွာဖြင့် အစီရင်ခံ တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ။

အားလုံးကို ကျေးဇူးတင်ရှိပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၄း၂၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၄း၃၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၄း၃၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါ ပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၄း၄၀။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသော အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ အမျိုးသား လွှတ်တော်သို့ ပြန်လည်ပေးပို့လာသော ပြင်ဆင်ချက်များအနက်-

အခန်း(၁)၊ အခန်းခေါင်းစဉ်- အပိုဒ် ၂ (ဆ)၊ (ဇ)၊ အပိုဒ် ၃ (ခ) ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၃၊ ၁၅၊ ၁၆၊ အပိုဒ် ၃ (ဂ)၊(ဆ)၊ (ဋ)၊ ၁၊ (ဍ)၊ (ဏ)၊ (ထ)၊ (ဒ)၊ (ဓ)၊ (န)၊ (ပ)၊ (ယ)။ အခန်း(၃) အပိုဒ် ၅ (က)၊ အပိုဒ် ၆ (ဂ)၊ (င)၊ (စ)၊ (ထ)၊ (ဒ)။ အခန်း (၄)၊ အခန်းခေါင်းစဉ်- အပိုဒ် ၇ (ခ)၊ အပိုဒ် ၈ (ဃ)၊ အပိုဒ် ၉ (က)၊ (ခ)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁ (က)၊ အပိုဒ် ၁၂ (က)၊ (ခ)၊ (ဂ) အပိုဒ် ၁၃။ အခန်း(၅) အခန်းခေါင်းစဉ်- အပိုဒ် ၁၅ (ခ)။ အခန်း(၆) အခန်းခေါင်းစဉ်- အပိုဒ် ၁၇ (က)၊ အခန်း(၇) အခန်းခေါင်းစဉ်- အပိုဒ် ၁၉ (က)၊ (ခ)၊ (ဃ)၊ အပိုဒ်၂၀ (က)၊ အပိုဒ် ၂၂ (က)၊ (ခ)၊ (ဂ)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄(က)၊ အပိုဒ် ၂၅ (က) ၃၊ အပိုဒ် ၂၆ (ဃ)။ အခန်း(၈) အခန်းခေါင်းစဉ်- အပိုဒ် ၂၇ (ခ)၊ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ အပိုဒ် ၂၈ (က)၊ (ခ)၊ အပိုဒ် ၂၉ (ခ)၊ အပိုဒ် ၃၀ (က)၊ (ခ)၊ အပိုဒ် ၃၂။ အခန်း(၉)အခန်းခေါင်းစဉ် အပိုဒ် ၃၃ (ဃ)။ အခန်း(၁၀) အခန်းခေါင်းစဉ် အပိုဒ် ၃၅ (က)၊ အပိုဒ် ၃၈ (ခ)။ အခန်း (၁၁) အခန်းခေါင်းစဉ်- အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အခန်း(၁၂) အပိုဒ်၄၀၊ အပိုဒ်၄၂၊ အပိုဒ်၄၇(က)၊ အပိုဒ် ၅၅။ အခန်း(၁၆) အခန်းခေါင်းစဉ်- အပိုဒ် ၅၉(က)၊ (ဂ)။ အခန်း(၁၇) အခန်းခေါင်းစဉ်- အပိုဒ် ၆၃၊ (က)၊ အပိုဒ် ၆၄၊ အပိုဒ် ၆၉၊ အပိုဒ် ၇၀၊ အပိုဒ်၇၂ (က)၊ (ဂ) တို့ကို ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အတိုင်းထားရှိရန် တင်ပြထား ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီ၏တင်ပြချက်ကို သဘောတူ/မတူ လွှတ်တော်ရဲ့ ဆန္ဒရယူ ပါမယ်။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက် အခန်း(၁)၊ အပိုဒ် ၂(ဂ)(ဃ)(င)(စ)(ဈ)(ည)၊

၂။ (ဂ) အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကို ဖြစ်စေ၊ အများပြည်သူ သို့မဟုတ် ပုဂ္ဂလိကအတွက်အရေးကြီးသော အခြေခံ အဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကို ဖြစ်စေ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများ၊

(ဃ) အကြမ်းဖက်မှုကို ကျူးလွန်သော သို့မဟုတ် ကျူးလွန်မည်ဖြစ်သော အကြမ်းဖက်သမားတစ်ဦးဦးကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခုကိုဖြစ်စေ အားပေးကူညီရာရောက်သော ငွေကြေး ထောက်ပံ့မှု၊

(င) ပြည်ပရှိ နိုင်ငံပိုင်အဆောက်အအုံ၊ယာဉ်၊ စက်ကိရိယာနှင့် အသုံးအဆောင် ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်၏သံရုံးနှင့် ကောင်စစ်ဝန်ရုံးအပါအဝင် သံတမန်ဆိုင်ရာရုံးများကို လည်းကောင်း ကျူးလွန်သည့် အကြမ်းဖက်မှု၊

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော်အတွင်း မှတ်ပုံတင်ထားသော ရေယာဉ်၊ လေယာဉ်နှင့် အခြားစက်တပ်ယာဉ်တစ်ခုခုပေါ်တွင် ကျူးလွန်သည့် အကြမ်းဖက်မှု၊

(ဈ) နိုင်ငံတော်အတွင်း အခြေပြု၍ နိုင်ငံတော်ကိုသော်လည်းကောင်း၊ အခြားနိုင်ငံများကိုသော်လည်းကောင်း ကျူးလွန်သည့် အကြမ်းဖက်မှုများ၊

(ည) နိုင်ငံတော်၏ မြေပြင်၊ ရေပြင်၊ လေပြင်၊ ပိုင်နက်နယ်မြေနှင့် ကမ်းလွန် ရေတိမ်ပိုင်းတို့တွင် ကျူးလွန်သည့် အကြမ်းဖက်မှုများဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။ လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(ဂ)(ဃ)(င)(စ)(ဈ)(ည) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(ဂ)(ဃ)(င)(စ)(ဈ)(ည) သည် ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အခန်း(၁၄)၊ အပိုဒ် ၅၆ (က)(ခ)

၅၆။ တရားရုံးသည်

(က) အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်းပြုသည့် အမိန့် ချမှတ်ရမည်။

(ခ) နိုင်ငံဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို ထုခွဲရောင်းချရငွေမှ တစ်ဆယ်ရာခိုင်နှုန်းကို အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေး ရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းရမည်ဟု ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။(က)မှာ နိုင်ငံတော်ဘဏ္ဍာ၊ (ခ)မှာ နိုင်ငံဘဏ္ဍာလို့ ဖြစ်နေတယ်။ ဥပဒေကြမ်းကော်မတီက ဘာပြောချင်လဲ။ (ခ)မှာလည်း နိုင်ငံတော်ဘဏ္ဍာ ဖြစ်ပါမယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။ လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၅၆ (က)(ခ) ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၅၆ (က)(ခ) သည် ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အခန်း(၁၈)၊ အပိုဒ် ၆၃ (ခ)

၆၃။ (ခ) တရားရုံးက လွှဲပြောင်းပေးသွင်းသည့် နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူထားသော ငွေကြေးနှင့်ပစ္စည်းများ၊ ထုခွဲရောင်းချရငွေမှ တစ်ဆယ်ရာခိုင်နှုန်းဟု ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။(တော်) ပါသေးလား။ နိုင်ငံ့ဘဏ္ဍာအစားကို နိုင်ငံတော်ဘဏ္ဍာ၊

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။ လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၈)၊ အပိုဒ် ၆၃ (ခ) ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၁၈)၊ အပိုဒ် ၆၃ (ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အကြမ်းမှုတိုက်ဖျက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောထားကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက အဆိုတင်သွင်းခြင်း**

**အချိန်၊ ၁၄း၅၀။**

**ဥက္ကဋ္ဌ။** ။အစီအစဉ် (၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၄ (က)အရ လွှတ်တော်တွင် ပြန်လည် ဆွေးနွေး ရာ၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောမတူကြောင်း တွေ့ရှိရသည့်အတွက် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထိုသို့ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေး ဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၅၁။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ အကြားမှာ သဘောထားကွဲလွဲတဲ့အချက် (၈)ချက် ရှိနေတဲ့အတွက်ကြောင့်မို့လို့ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၆၄ (က) အရ ဒီသဘောထား ကွဲလွဲတဲ့အချက် (၈)ချက်ကို ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်သင့်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး မှ အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း**

**အချိန်၊ ၁၄း၅၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော် နှစ်ရပ် သဘောထားကွဲလွဲသည့် အချက်များကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေး (၂၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၅)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄း၅၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် နဝမပုံမှန် အစည်းအဝေး (၂၅) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၄း၅၃ နာရီအချိန်တွင် ရပ်နားပါသည်။]